**(၂၁) ရက်၊ အောက်တိုဘာလ၊ ၂၀၂၁ ခုနှစ်**

## မြန်မာနိုင်ငံအတွင်း အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရန် ACWC က ဆောင်ရွက်ရမည်

*မြန်မာစစ်အုပ်စုခန့် ACWC ကိုယ်စားလှယ်များကို အရပ်ဘက်လူမှုအဖွဲ့ အစည်းများက လက်မခံပါ။*

အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ်များအခွင့်အရေး ကာကွယ်ရေးနှင့်မြှင့်တင်ရေးဆိုင်ရာကော်မရှင် (ACWC) အနေဖြင့် နှုတ်ဆိတ်ခြင်း၊ ပျက်ကွက်ခြင်း ပြုလုပ်နေခြင်းကို အဆုံးသတ်၍ မြန်မာစစ်အုပ်စုက အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေခြင်းကို ကိုင်တွယ် ဖြေရှင်းရန် အောက်ပါ မိမိတို့ မြန်မာအမျိုးသမီးအဖွဲ့အစည်းများက လက်မှတ်ရေးထိုး တောင်းဆိုလိုက်သည်။ အချက် (၅) ချက်ပါ သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် အဓိပ္ပါယ်ပြည့်ဝသော တိုးတက်မှုများ ရှိအောင် စွမ်းဆောင်ရန် အာဆီယံက ပျက်ကွက်နေချိန်တွင် ACWC သည် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး အကျပ်အတည်းနှင့် ပတ်သက်၍ နှုတ်ဆိတ်နေရုံသာမက ပို၍ဆိုးသည်မှာ စစ်အုပ်စုကခန့်အပ်လိုက်သူများကို ACWC ကိုယ်စားလှယ်များအဖြစ် လက်ခံလိုက်ခြင်းဖြစ်သည်။

မြန်မာစစ်အုပ်စုသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ တွင် အာဏာသိမ်းရန် ကြိုးပမ်းပြီးနောက် ACWC ကိုယ်စားလှယ်များ ခန့်အပ်ခဲ့ရာ ဒေါက်တာသက်သက်ဇင်ကို အမျိုးသမီးအရေးကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ ဒေါက်တာစန်းစန်းအေးကို ကလေးသူငယ်အရေးကိုယ်စားလှယ်အဖြစ် လည်းကောင်း အသီးသီး ခန့်အပ်ခဲ့သည်။ စစ်အုပ်စုကခန့်အပ်ခဲ့သော အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် တရားဝင်မှုမရှိသည့်အပြင် သနားညှာတာမှုမရှိပဲ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် မြန်မာပြည်သူများအပေါ် (၈) လ ကျော်တိုင် အကြမ်းဖက်ခြိမ်းခြောက် အုပ်စိုးနေသည့် စစ်အာဏာရှင်အုပ်စုကိုသာ ကိုယ်စားပြုသောကြောင့် မိမိတို့အနေဖြင့် အပြင်းအထန်ကန့်ကွက်သည်။

ဖေဖော်ဝါရီလ စစ်အာဏာသိမ်းရန်ကြိုးစားမှု ဖြစ်ပေါ်ခဲ့ပြီးနောက် အမျိုးသမီးများသည် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုများတွင် ရှေ့ဆုံးမှ ပါဝင်ခဲ့ကြပြီး မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုနှင့် အကြမ်ဖက် ဖြိုခွင်းမှုများကြောင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပါအဝင် အပစ်မဲ့ပြည်သူများစွာ အသက်ဆုံးရှုံး ခဲ့ရသော်လည်း ၎င်းတို့သည် ဒီမိုကရေစီနှင့် လွတ်လပ်မှုအတွက် တစိုက်မတ်မတ် ဆက်လက်တောင်းဆိုနေကြဆဲ ဖြစ်သည်။ မြန်မာစစ်အုပ်စုသည် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းများ ပြုလုပ်နေပြီး ကလေးသူငယ်နှင့် ကိုယ်ဝန်သည်အမျိုးသမီးများကိုပင် အသက်ချမ်းသာမပေးခဲ့ပါ။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၊ (၂၀) ရက်နေ့အထိ မှတ်တမ်းများအရ သွေးအေးစွာသတ်ဖြတ်ခံရသူ (အမျိုးသမီး ၈၄ ဦးအပါအဝင်) ၁၁၈၁ ဦး၊ ဖမ်းဆီးထိန်းသိမ်းခံရသူ (အမျိုးသမီး ၁၈၈၅ ကျော် အပါအဝင်) ၉၁၇၃ ဦး နှင့်

ဆက်လက်ထိမ်းသိမ်းခံထားရသူ (အမျိုးသမီး ၁၃၃၂ ဦးအပါအဝင်) ၇၀၈၆ ဦး ရှိသည်။ ဧပရယ်လတွင် အသက် (၇) နှစ်အရွယ် ကလေးငယ်တစ်ဦးဖြစ်သူ မခင်မျိုးချစ် သည် နေအိမ်၌ရှိနေစဉ် သူမ၏ ဖခင်ပေါင်ပေါ်တွင် ထိုင်နေချိန်တွင် စစ်အုပ်စုလက်အောက်ခံ ရဲတပ်ဖွဲ့ဝင်များ၏ ပစ်သတ်ခြင်း ခံခဲ့ရသည်။ သူမအပါအဝင် စစ်အုပ်စု၏ သတ်ဖြတ်ခြင်းခံခဲ့ရသည့် ကလေးသူငယ်ပေါင်း (၇၅) ဦးထက်မနည်း ရှိပြီး ဖေဖော်ဝါရီလ မှစ၍ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသော ကလေးသူငယ်ပေါင်း ၁,၀၀၀ ကျော်ရှိသည်။ စစ်အာဏာသိမ်းမှုကြောင့် မြန်မာနိုင်ငံရှိ ကလေးသူငယ်များသည် ပစ်မှတ်ထားတိုက်ခိုက်ခံနေရပြီး ကြီးမားသော အသက်အန္တရာယ်ဘေးနှင့် ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကသတိပေးခဲ့ပါသည်။

ပြင်းထန်သော လေကြောင်းဗုံးကြဲတိုက်ခိုက်ခြင်းများ၊ အမြောက်ဖြင့်ပစ်ခတ်ခြင်းများ၊ ရမ်းကားပစ်ခတ်ခြင်းများ၊ ရွာများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ပစ္စည်းလုယူခြင်းနှင့် ဖျက်ဆီးခြင်းများ အပါအဝင် စစ်တပ်၏ နည်းလမ်း မျိုးစုံဖြင့် ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ပြည်သူ ၂၅၀,၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေရသည်။ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့ပြီးနောက် အိုးအိမ်စွန့်ခွါထွက်ပြေးတိမ်းရှောင်ခဲ့ရသူများ ထဲတွင် အမျိုးသမီးနှင့် ကလေးငယ် အများအပြားပါဝင်ပြီး ကလေးသူငယ်ဦးရေ ၇၆,၀၀၀ အထိပါဝင်သည်။ ၎င်းတို့တွင် အစားအစာ၊ အမိုးအကာနှင့် ဆေးဝါးများအပါအဝင် အသက်ရှင်ရပ်တည်ရန် အခြေခံလိုအပ်ချက်များ မရှိကြပေ။ ကိုယ်ဝန်သည် အမျိုးသမီးများသည် ပြင်းထန်သော အမြောက်ဖြင့်ပစ်ခတ်မှုများနှင့် လေကြောင်းပစ်ခတ်မှုများ ကြောင့် တောထဲတွင် ထွက်ပြေးပုန်းခို နေစဉ်အချိန်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုမရှိပဲ မီးဖွားခဲ့ကြရပြီး တစ်ချို့မှာ စစ်တပ်က လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်း ခံခဲ့ရသည်။

မြန်မာစစ်တပ်သည် တိုင်းရင်းသားလူမျိုးစုဒေသများတွင် အမျိုးသမီးနှင့် ကလေးသူငယ်များကို ပစ်မှတ်ထားသည့် မှတ်တမ်း အစဉ်အလာရှိခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သည်။ တရားလက်လွတ်ဖမ်းဆီးခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့်ကျား-မ အခြေပြု အကြမ်းဖက်မှုများနှင့် လိင်ကျွန်ပြုမှုများ အပါအဝင် ရာဇဝတ်မှုများစွာကို အပြစ်ပေးအရေးယူခံရခြင်းမရှိပဲ ဆယ်စုနှစ်များစွာတိုင်အောင် ကျူးလွန်ခဲ့ကြသည်။ ရိုဟင်ဂျာနှင့် အခြားတိုင်းရင်းသားလူမျိုးစု အမျိုးသမီးများအပေါ် ကျူးလွန်ခဲ့သည့် ဆိုးရွားသော ရာဇဝတ်မှုများကို လွတ်လပ်သော မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအဖွဲ့က မှတ်တမ်းတင်ထားပြီး စစ်တပ်၏ မုဒိန်းကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို စစ်လက်နက်အဖြစ် အသုံးပြုကျူးလွန်သည့် လုပ်ရပ်များအဖြစ် သတ်မှတ်လာသည်မှာ ကြာမြင့်ပြီဖြစ်သည်။ ဖေဖော်ဝါရီလ (၁) ရက်နေ့ အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်ပေါ်ခဲ့ပြီးနောက် တိုင်းရင်းသားလူမျိုးစုများအပေါ် နှစ်ပေါင်းများစွာ ကျူးလွန်ခဲ့သော ဤရာဇဝတ်မှုများသည် မြန်မာတစ်ပြည်လုံးအနှံ့ဖြစ်ပေါ်လာခဲ့သည်။ စစ်တပ်အား ခုခံတော်လှန်မှု အားကောင်းသော ဒေသများတွင် မုဒိန်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖမ်းဆီးထိန်းသိမ်းခံရစဉ် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာစစ်အာဏာရှင်အုပ်စုက အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် ထိုသို့အကြမ်းဖက်မှုများ ပြုလုပ်နေချိန်တွင် ACWC ၏ နှုတ်ဆိတ်မှုနှင့် ပျက်ကွက်မှုများက စစ်အာဏာရှင်အုပ်စုကို အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်အပြည့်ဖြင့် ဆက်လက်ကျူးလွန်အောင် ထပ်မံအားပေးနေသည်။ ပို၍ဆိုးသည်မှာ စစ်အုပ်စုခန့် ကိုယ်စားလှယ်များကို ACWC ကိုယ်စားလှယ်များအဖြစ် လက်ခံခြင်းသည် ACWC အဖွဲ့ကိုယ်တိုင်၏ ရည်ရွယ်ချက်နှင့် ဆန့်ကျင်နေပြီး ထိုသို့ လက်ခံခြင်းကြောင့် ACWC သည် စစ်အာဏာရှင်အုပ်စုနှင့် ၎င်းတို့ ကျူးလွန်ခဲ့သော မုဒိန်းမှုများ၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်အပေါ် လိင်းပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ကျား-မ အခြေပြုအကြမ်းဖက်မှုများ အပါအဝင် ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ရက်စက် ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို တရားဝင်မှုပေးသည့် ကြံရာပါ ဖြစ်လာနိုင်သည်။ ၎င်းစစ်တပ် ကိုယ်စားလှယ်များ၏ ပါဝင်မှုသည် ACWC ၏သိက္ခာကို ထိခိုက်စေရုံသာမက ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ ဖြစ်ပေါ်နေချိန်တွင် ACWC ၏ ပြတ်ပြတ်သားသား ဆောင်ရွက်နိုင်စွမ်းကိုလည်း ထိခိုက်စေသည်။

စစ်အုပ်စုခန့် ACWC ကိုယ်စားလှယ်များကို မိမိတို့အရပ်ဘက်အဖွဲ့အစည်းများကကန့်ကွက်သည်။ ထို့ပြင် ကော်မရှင်အနေဖြင့် ဆက်လက်နှုတ်ဆိတ်မနေပဲ ၎င်း၏သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်အတိုင်း မြန်မာနိုင်ငံရှိ "အမျိုးသမီးနှင့် ကလေးသူငယ်များကိုယ်စား စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ပေးရန်" နှင့် မြန်မာစစ်အုပ်စုက ကျူးလွန်ခဲ့သော ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းပေးရန် တောင်းဆိုသည်။

စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အာဆီယံခေါင်းဆောင်များကြား အချက် (၅) ချက်ပါ သဘောတူညီမှု ချမှတ်ခဲ့သည်မှာ (၆) လ ကြာမြင့်ပြီဖြစ်သည်။ သို့သော် စစ်အုပ်စုသည် ထိုသဘောတူညီချက်ကို လုံးဝအလေးထားခြင်းမရှိပဲ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများကို အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်အပြည့်ဖြင့် ဆက်လက်ကျူးလွန်နေသည်။ စစ်အုပ်စုက အချက် (၅) ချက်ပါ သဘောတူညီမှုကို အကောင်အထည်ဖော်ရန် ငြင်းဆန်ထားပြီး အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက စစ်အုပ်စုအား အာဆီယံထိပ်သီးညီလာခံ တက်ရောက်ခွင့်မပြုရန် ဆုံးဖြတ်ချက်ချထားသောကြောင့် ACWC သည် စစ်အုပ်စုနှင့် ၎င်းတို့ခန့်အပ်ထားသူများကို ACWC တွင် အဖွဲ့ဝင်အဖြစ်နေရာပေးခြင်း သို့မဟုတ် အခြားဆက်စပ် အာဆီယံ အစီအစဉ်များ၊ ညီလာခံများနှင့် အစည်းအဝေးများ တက်ရောက်ခွင့်ပြုခြင်း လုံးဝ မပြုလုပ်သင့်ပါ။

အာဆီယံခေါင်းဆောင်များ၊ ACWC နှင့် အခြား အာဆီယံအစိုးရအဖွဲ့များနှင့် ယန္တရားများအားလုံးသည် မြန်မာနိုင်ငံ အကျပ်အတည်းပေါ် တုန့်ပြန်ရာတွင် “လုပ်နေကြအတိုင်း” ဆက်လက်ဆောင်ရွက်ကာ စစ်အုပ်စုနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များကို တရားဝင်မှုနှင့် အသိအမှတ်ပြုမှုပေးခြင်းကို လုံးဝရပ်တန့်ရမည်။ စစ်အုပ်စု၏ လုပ်ဆောင်မှုများသည် အာဆီယံဒေသတွင်း တည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေပြီး အထူးသဖြင့် ဒေသတွင်းရှိ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် ရိုက်ခတ်မှုများ ရှိစေသည်။ အာဆီယံနှင့် ACWC အနေဖြင့် သမိုင်း၏ အမှန်တရားဘက်တွင် ရပ်တည်ခဲ့ကြောင်း ပြသနိုင်ရန် အတူတကွပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့် မြန်မာနိုင်ငံအတွင်း ပိုမိုနက်နဲလာသော လူ့အခွင့်အရေး အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် ခိုင်မာသော လုပ်ငန်းစဉ်များ ချက်ချင်းချမှတ်ဆောင်ရွက်ရန် အလွန်အရေးကြီးသည်။ စစ်အုပ်စုက ခန့်အပ်ထားသူများသည် မြန်မာပြည်သူများ၏ ကိုယ်စားလှယ်များ မဟုတ်သောကြောင့် ငြင်းပယ်ရန် မိမိတို့အရပ်ဘက်အဖွဲ့အစည်းများက ACWC ကိုတောင်းဆိုသည်။ ထို့ပြင် မြန်မာနိုင်ငံအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး စစ်အုပ်စု သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်များ ပါဝင်မှုမရှိပဲ မိမိတို့အပါအဝင် အခြားနယ်ပယ်အသီးသီးမှ မြန်မာအရပ်ဘက်အဖွဲ့အစည်းများနှင့် အထူးအစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပရန် ကော်မရှင်ကို တောင်းဆိုသည်။

**ဆက်သွယ်ရန်**


1. **အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**
   နော်ဆဲဆဲ
   secretariat@womenofburma.org

2. **Sisters 2 Sisters**
   သဉ္ဇာရွှန်းလဲ့ရည်
   team@sisters2sisters.org

3. **Women Advocacy Coalition**
   WAC-Myanmar@protonmail.com

4. **Women Alliance Burma**
   contact@womenallianceburma.com

5. **Progressive Voice**

   info@progressive-voice.org